ဆိုထိုက်ပါသည်၊ ထိုသို့ သင်ပြ လိုက်နာကြမှလည်း **မယ်တော်** ခမည်းတော်များနှင့် ရှင်ရဟန်း ဒါယကာ ဒါယိကာမတို့မှာ သာသနာပြုရကျိုး နပ်ပါလိမ့်မည်။

**သင်မပေးလျှင် အပြစ်။** ။ထိုသို့မသင်ပြ မလိုက်နာကြလျှင် ကား သံကိုသံဖျက် သံချေးတက်သို့ သာသနာတော်ကို သာသနာ့ဝန်ထမ်း ရဟန်းသာမဏေများနှင့် မိဘ ဒကာ ဒကာမများသည်ပင် ဖျက်ဆီးနေကြရာ ရောက်ပါလိမ့်မည်၊ ထို့ကြောင့် **သာသနာတော်**၏ အရေးကို ကလေးကစားသလို မလုပ်ကြဘဲ မလုပ်နိုင်လျှင် ဘာသိဘာသာ နေ၊ လုပ်လိုလျှင်ကား လေးလေးစားစား ပြုလုပ်ကြပါရန် လေးနက်စွာ တိုက်တွန်းပါသည်။

**နိဂုံးချုပ်ချိန်။** ။ဤ ရှပ်ပုံရှင်ကျင့်ဝတ်၏ ကျမ်းပြီးနိဂုံးကို ကမ္ပတ်ဖုံးချိန်ကား (သာသနာနှစ် ၂၄၉၇, တပို့တွဲလဆန်း ၈-ရက်) ဆဋ္ဌသံဂါယနာတင် စီစဉ်ရေးအတွက် ဩဝါဒါစရိယနှင့် ဝန်ဆောင်ဆရာတော်များ မီးရထားဖြင့် မန္တလေးမှ ရန်ကုန်သို့ ကြွသွားနေချိန် ဖြစ်၏၊ ရထားလမ်း တလျှောက်၌ မြို့နယ်ဆိုင်ရာ အရာရှိကြီးများနှင့် နယ်သူနယ်သား လူအများတို့ အားရဝမ်းသာ ဆီးကြိုဖူးမျှော်၍ ပေးလှူပူဇော်ကြသည်မှာ **သာသနာရေး**အတွက် အားတက်စရာကြီး ဖြစ်ပါပေသည်။

**စဉ်းစားမိခြင်း။** ။သို့သော် ယနေ့အတွက် စားသောက်ချင်စဘွယ် အသွယ်သွယ် ရှိနေစေကာမူ နက်ဖန် **သဘက်** အရေး မြှော်တွေး၍ စိတ်မအေးရသေးလျှင် ပျော်ရွှင် မြိန်ရှက်**စွာ** မစားသောက်နိုင်သော မိဘကဲ့သို့